# အာရှတိုက်သားများနှင့်ပစိဖိတ်ကျွန်းသားများနှင့် Alameda ကောင်တီရှိ HIV/AIDS
# သိမှတ်ဖွယ်ရာအချက်အလက်များ

**အာရှနှင့်ပစိဖိတ်ကျွန်းသားများ (A&PI)** သည် **Alameda** ကောင်တီ ၏စုစုပေါင်းလူဦးရေ၏၂၇%ရှိပြီး ယင်းအချက်သည်ကောင်တီအတွင်းရှိလူမျိုး၊မျိုးနွယ် များအတွင်းတွင် **ဒုတိယအကြီးဆုံး**နှင့်**ကြီးထွားမှုအမြန်ဆန်ဆုံး**လူမျိုးများဖြစ်စေပါသည်။

**Alameda ကောင်တီသည်** ကာလီဖိုးနီးယားရှိကောင်တီ ၅၈ ခုထဲတွင် AIDS ဖြစ်ပွားမှု **နံပါတ် ၄** နေရာကိုယူထားပြီး HIV ရောဂါဖြစ် ပွားမှု၏ ကိစ္စများတွင်**နံပါတ် ၇ အထိ** အဆင့်ရှိသည်။

၁၉၈၀ နှင့်၂၀၁၀ အကြားတွင် **A&PI** တို့အထဲမှ **HIV** ဖြစ်ပွားမှု ၇၅ ခု နှင့် **AIDS** ဖြစ်ပွားမှု၂၇၈ ခု တို့ကို စစ်ဆေးတွေ့ရှိခဲ့ရပါသည်။

၂၀၁၀ စစ်တမ်းအရ **A&PI** တို့အထဲမှ **HIV/AIDS** တွေ့ရှိမှု ၈၃%သည် **ယောက်ျားများ** တွင်ဖြစ်ပါသည်။

Aနှင့်PI အမျိုးသားအကြား များသောအနေနှင့် ရောဂါဖြန့်ဖြူးမှု ပုံစံ မှာ **ယောက်ျား – အချင်းချင်း – လိင်တူဆက်ဆံခြင်း** (MSM) နှင့်

Aနှင့်PI အမျိုးသမီးအကြား များသောအားဖြင့် ရောဂါဖြန့်ဖြူးမှု ပုံစံ မှာ **ဆန့်ကျင်ဘက်လိင်ဆက်ဆံခြင်း** တို့ကြောင့်ဖြစ်သည်။

၂၀၁၀ စစ်တမ်းအရ HIV/AIDS ဖြစ်ပွားမှုများသည် **အသက် ၄၀ မှ ၄၉ နှစ်** အရွယ် A&PI များအကြားတွင်အပျံ့နှံ့ဆုံးဖြစ်ပါသည်။

HIV/AIDS ဖြစ်ပွားမှု၏ **၈၂%** မှာအမေရိကန်ပြင်ပတွင် မွေးဖွားသော အခြေ စိုက်ဝင်လာသူများဖြစ်သည်ဟု ၂၀၁၀ စစ်ဆေးချက်အရတွေ့ရှိရပါသည်။

၁၉၉၉ ခုနှစ်နှင့်၂၀၀၉ ခုနှစ် အကြားတွင် AIDS ရောဂါရှိသည့် စမ်းသပ်စစ်ဆေးခံ သူ **A&PI ၁၂၂** ဦးအနက် ၈၆ ယောက် **(၇၀%)** သည် **စမ်းသပ်ခံရမှု နောက်ကျသူများ** (ပထမအဆင့် HIV တွေ့ရှိရသည့် **တစ်နှစ်အတွင်းတွင်ပင်** သို့မဟုတ် **တစ်ချိန်ထဲတွင်ပင်** AIDS တွေ့ရှိခြင်းခံရသောသူများ) ဖြစ်ပါသည်။

A&PI များသည် လူမျိုး၊မျိုးနွယ်အုပ်စုများအားလုံးအနက်၂၀၀၆ နှင့်၂၀၁၀ အကြားတွင် HIV နှင့် AIDS ဖြစ်ပွားမှုများများတိုးပွားလာသည့် တစ်ခုတည်းသော လူမျိုးစုဖြစ်ပါသည်။ (အောက်ပါဇယားပုံကိုကြည့်ပါ)

## ၂၀၀၆ မှ၂၀၁၀ ကြား **Alameda** ကောင်တီတွင် ဖြစ်ပွားခဲ့သော **HIV/AIDS** ရာခိုင်နှုန်း (%)ပြောင်းလဲမှု




**HIV**ကိုယ်ခံစွမ်းအားကျရောဂါပိုး/**AIDS** ကိုယ်ခံအားကျကူးစက်ရောဂါ

| | ၂၀၀၆အတွင်းတွင် ရှာဖွေတွေ့ရှိမှု | ၂၀၁၀အတွင်းတွင် ရှာဖွေတွေ့ရှိမှု | %ပြောင်းလဲမှု |
|---|---|---|---|
| အာဖရိကန်အမေရိကန် | ၁၇၂ | ၁၁၀ | –၃၆.၀% |
| လူဖြူ | ၉၃ | ၆၇ | –၂၇.၉% |
| လာတီနိုနှလာတီနာ | ၄၅ | ၃၈ | –၁၅.၆% |
| **အာရှနှင့်ပစိဖိတ်ကျွန်းတွင်နေထိုင်သူများ** | **၂၁** | **၂၄** | **၁၄.၃%** |

# အာရှတိုက်သားများနှင့်ပစိဖိတ်ကျွန်းသားများနှင့် Alameda ကောင်တီရှိ HIV/AIDS
# အသုံးပြုရန်အရင်းအမြစ်များ

**<u>အန္တရာယ်ဖြစ်ပွားမှုအချက်အလက်များနှင့်ကာကွယ်မှုပြုလုပ်ရန်အတွက်အတားအဆီးများ</u>**

- ✓ လိင်ပိုင်းဆိုင်ရာခေါင်းစဉ်များကိုဆွေးနွေးခြင်းကိုရိုးရာအလိုက်ရှောင်ကြဉ်ရန်ဟုယူ ဆမှုများနှင့်ဆက်ဆံမှုများတွင်မညီမျှသောအာဏာများရှိသည်။
- ✓ Aနှင့်PI တို့သည်အခြားလူမျိုး/လူမျိုးစုများထက် နိုင်းယှဉ်ပါက HIV အတွက်စစ်ဆေးမှုခံယူခြင်းနှင့်/သို့မဟုတ် HIV စစ်ဆေးမှုအကြောင်းကိုဖော်ပြလိုမှုနည်းခြင်း။
- ✓ ပြည်သူ့ကျန်းမာရေးသတင်းများနှင့်ပြုစု စောင့်ရှောက်မှုများကိုခံယူရန် ရိုးရာနှင့် ဘာသာစကားအတားအဆီးများရှိခြင်းနှင့် အကန့်အသတ်ရှိသောရိုးရာအလိုက် သင့်လျော်သောဝန်ဆောင်မှုများကြောင့်အခြေအနေပို၍ဆိုးဝါးလာခြင်းတို့ရှိသည်။
- ✓ အကာအကွယ်မဲ့လိင်ဆက်ဆံမှုပြုခြင်း– (ပါးစပ်၊ မအင်္ဂါ၊ နှင့်စအိုတို့အပါအဝင်) –အားဖြင့်အန္တရာယ်ကိုပို၍တိုးပွားစေလာနိုင်ပါသည်။
- ✓ မီသင်ဖက်တမင်း (Methamphetamines) အရက်နှင့်အခြားဆေးဝါးများသုံးခြင်းဖြင့်အန္တရာယ်ပိုများလာစေနိုင်ရှိခြင်း။

**<u>သင်ဘာလုပ်နိုင်သလဲ။</u>**

- ✓ သင့်လူမှုအသိုင်းအဝန်းအတွင်း HIV/AIDS နှင့်ယင်းတို့၏အကျိုးသက်ရောက်မှုမည်မျှရှိကြောင်းလေ့လာခြင်း။
- ✓ ပညာပေးခြင်းနှင့် HIV ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်းအကြောင်းများအပေါ် ပွင့်လင်းစွာနှင့်မကွယ်မဝှက်စွာပြောခြင်းဖြင့် HIV/AIDS နှင့် ပတ်သက်၍ ရှိပြီးသား ရှက်ကြောက်မှုတို့ကို ပျယ်ပြောက်စေနိုင်ပါသည်။
- ✓ သင့်ကိုယ်တိုင်နှင့်အခြားသူများကိုကာကွယ်ရန်အတွက်ဆေးစစ်မှုကိုခံယူပါ။
- ✓ အကယ်၍သင့်တွင် HIV ရှိသည်ဟုအဖြေရပါက၊ သင့်တော်သည့်ကြည့်ရှုစောင့်ရှောက်မှုနှင့်ကူညီထောက်ပံ့မှုတို့ကိုရယူပါ၊ ထို့နောက်သင် နှင့် လိင်ဆက်ဆံမှုပြုမည့်သူများကိုလည်းအသိပေးပါ။

## အချက်အလက်များပိုမိုရရှိရန်အတွက် (*HIV <u>အခမဲ့</u> စစ်ဆေးနိုင်ပါသည်)

အာရှလူမျိုးကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ (Asian Health Service)*
(ကင်တိုနီး(စ)၊ မန်ဒရင်း၊ ဗီယက်နမ်၊ ကာတာလော့၊ ခမာ၊ ကိုရီးယား၊ ဂျပန်ဘာသာဖြင့်ဘာသာပြန်ပေးမှုများရနိုင်ပါသည်)
510-986-6876 / 818 Webster Street, Oakland, CA 94607 / www.asianhealthservices.org

Highland ဆေးရုံ HIV ဆေးခန်း (Highland Hospital HIV Clinic)*
510-437-4800 / 1411 E. 31st Street, Oakland, CA 94602 / www.hghed.com

East Bay AIDS စင်တာ (EBAC, Alta Bates Summit Medical Center)*
510-869-8400 / 3100 Summit Street, 2nd Floor, Oakland, CA 94609 / www.eastbayaids.org

Tri-City ကျန်းမာရေးဌာန (Tri-City Health Center)*
510-770-8040 / 39500 Liberty Street, Fremont, CA 94538 / www.tri-cityhealth.org

အာရှအမေရိကတိုက်သားများအတွက် လူမျိုးစုအသိုင်းအဝိုင်းကျန်းမာရေး (Community Health for Asian Americans)
(510) 835-2777 / 255 International Boulevard, Oakland, CA 94606 / www.chaaweb.org

အာရှအမေရိကန် ပြန်လည်ကျန်းမာရေးဝန်ဆောင်မှုများ Inc. (Asian American Recovery Services, Inc.)
415-776-1001 / 2166 Hayes Street, Suite 206, San Francisco, CA 94117 / www.aars.org

အာရှနှင့်ပစိဖိတ်ကျွန်းသားများ ကျန်းမာရေးစင်တာ – လူမှုအသိုင်းအဝန်း HIV/AIDS လုပ်ငန်းများ
(Asian & Pacific Islander Wellness Center: Community HIV/AIDS Services)*
415-292-3400 / 730 Polk Street, 4th Floor, San Francisco, CA 94109 / www.apiwellness.org

အာရှအသိုင်းအဝန်းစိတ်ပိုင်းဆိုင်ရာကျန်းမာရေးဝန်ဆောင်မှု (Asian Community Mental Health Services)
510-451-6729 / 310 8th Street, Suite 201, Oakland, CA 94607 / www.acmhs.org

Street Level ကျန်းမာရေးအစီအစဉ် (Street Level Health Project)
510-533-9906 / 2501 International Boulevard, Oakland, CA 94601 / www.streetlevelhealth.org

North East ဆေးဝါးဝန်ဆောင်မှုလုပ်ငန်းများ (North East Medical Services)*
415-391-9686 / 1520 Stockton Street, San Francisco, CA 94133 နှင့်
408-573-9686 / 1715 Lundy Avenue, San Jose, CA 95131 / www.nems.org

ကယ်လီဖိုးနီးယား ဝန်ဆောင်မှုလွှဲပြောင်းပေးခြင်း (California HIV/AIDS Service) အရေးပေါ်ဖုန်းလိုင်း
1-800-367-AIDS / www.aidshotline.org

**<u>အကိုးအကား၊ အသိအမှတ်ပြုများ</u>**

- *HIV/AIDS Among Asian Pacific Islanders, (အာရှနှင့်ပစိဖိတ်ကျွန်းသားများတို့တွင်ကူးစက်နေသော HIV/AIDS)The Body* (www.thebody.com)
- ကျွန်ုပ်တို့အနေဖြင့် Alameda ကော်တီပြည်သူ့ကျန်းမာရေးဌာန။ အသိုင်းအဝိုင်းမှ ချင့်ချိန်ဆုံးဖြတ်မှုစီစဉ်ခြင်း နှင့်ပညာပေးခြင်း(CAPE) ဌာန၊ ကူးစက်ရောဂါပြန့်ပွားရေးနှင့် ကာကွယ်ရေးဆိုင်ရာကျွမ်းကျင်သူ Elaine Bautista, MPH, ကို အချက်အလက် များနှင့် ကိန်းဂဏန်းဆိုင်ရာအကူအညီများပေးခြင်းအတွက် အသိအမှတ်ပြုပြီး ကျေးဇူးတင်ရှိလိုပါသည်။

ဤ**အချက်အလက်၊ အရင်းအမြစ်စာရွက်**ကို **အာရှလူမျိုးပေါင်းစုံဘာသာစကား**ဖြင့် ရရှိနိုင်ပါ သည်။ ပိုမိုသိရှိလိုပါက AIDS ရောဂါစီမံခန့်ခွဲခြင်း Alameda ကောင်တီရုံးသို့ 510-268-7630 သို့မဟုတ် www.officeofaids.org တို့မှတဆင့်ဆက်သွယ်ပါ။